# လစ်လပ်ရာထူး အလုပ်ကြော်ငြာစာ အမှတ်စဉ် ၂၀၄၀

| | | | |
|---|---|---|---|
| ရာထူးအမည် | Field Trainer | အုပ်ချုပ်သူ အထက်အရာရှိ | စီမံချက်အရာရှိ (Project Officer) |
| တာဝန်ခံအုပ်ချုပ် ရမည့်သူ | မရှိ | တာဝန်ထမ်းဆောင် ရမည့် နေရာ | သရက်မြို့နယ် |
| လစ်လပ်နေရာ အရေအတွက် | **၁ နေရာ** | တာဝန်ထမ်းဆောင် ရမည့် ကာလ | **၉ လ ( ၂၀၂၁ ခုနှစ် ဇွန်လ ၃၀ရက်နေ့ အထိ )** |

## SCVG အကြောင်း

SCVG အဖွဲ့သည် မြန်မာနိုင်ငံရှိ လူငယ်နှင့် ကလေးများအတွက် ဦးတည်ကာ ၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အကျိုးအမြတ် မယူသော အစိုးရမဟုတ်သော လူငယ်များ ဦးဆောင်သည့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်း ဖြစ်ပါသည်။ SCVG သည် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ကာကွယ်ရေး၊ လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအထောက်အကူပြုရေး စသည့် စီမံချက်လုပ်ငန်းများမှတဆင့် လူငယ်နှင့် ကလေးသူငယ် ထောင်ပေါင်းများစွာအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

## ရာထူး၏ ရည်ရွယ်ချက်

တွဲလက်စီမံချက်၏ ကျေးလက်ဒေသရှိ ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရွှေ့ပြောင်းသွားလာမှု မပြုမီ လုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာများ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်ရန်အတွက် ရည်ရွယ်ပါသည်။

## အဓိကလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ

- စီမံချက်လုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် စီမံချက်အရာရှိအား ပါဝင်ပံ့ပိုးပေးနိုင်ရမည်။
- စီမံချက်မှချမှတ်ထားသော သင်တန်းအစီအစဉ်များနှင့် ဆွေးနွေးပွဲများကို ဦးဆောင်ပို့ချနိုင်ရမည်။
- လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် အချိန်မီပြီးစီးဆောင်ရွက်နိုင်ရမည်။
- လုပ်ငန်းအသုံးစရိတ်များကို ကြိုတင်ခွင့်ပြုပေးထားသော ငွေကြေးပမာဏအတွင်း အကျိုးဝင်အောင် သုံးစွဲနိုင်ရမည်။
- လစဉ် လုပ်ငန်းငွေစာရင်းအသုံးစရိတ်လျာထားချက် ရေးဆွဲရာတွင် စီမံချက်အရာရှိအား ပံ့ပိုးကူညီ ပေးနိုင်ရမည်။
- လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ အထက်အရာရှိထံသို့ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ အချိန်နှင့်တပြေးညီ အစီရင်ခံ တင်ပြနိုင်ရမည်။
- လစဉ်လုပ်ငန်းအစီရင်ခံစာများကို စီမံချက်အရာရှိထံ အချိန်မီတင်ပြနိုင်ရမည်။

- ရပ်ရွာအတွင်း ဆောင်ရွက်ထားသော လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်အစီအရင်ခံ တင်ပြရမည်။
- လုပ်ငန်းအစီရင်ခံစာများအတွက် စီမံချက်အရာရှိအား လိုအပ်သောပံ့ပိုးကူညီမှုများ ပေးနိုင်ရမည်။
- အထက်အရာရှိမှ လိုအပ်ချက်အရ ညွှန်ကြားလာသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။

## အရည်အချင်းနှင့် လိုအပ်ချက်များ

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- ဆွေးနွေးပွဲ၊ သင်တန်းပို့ချခြင်း လုပ်ငန်းအတွေ့အကြုံရှိပြီး၊ စကားပြောစွမ်းရည် နှင့် စည်းရုံးရေးစွမ်းရည် ကောင်းသူဖြစ်ရမည်။
- ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာသင်တန်းတက်ရောက်ဖူးသူ၊ လုပ်ငန်းအသုံးစရိတ်များကို ကိုင်တွယ်အသုံးပြုဖူးသူ ဖြစ်ရမည်။
- ဒေသတွင်း ဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုစိတ်ရှိသူ ဖြစ်ရမည်။
- စီမံချက်လုပ်ငန်းခွင်ဒေသများသို့ ခရီးသွားလာနိုင်ရမည်။
- SCVG ၏ **ဘိုတန်ဖိုးထားမှုများ၊ ကလေးသူငယ်ဘေးကင်းလုံခြုံစေရေး မူဝါဒ**ကို သိရှိနားလည် လိုက်နာနိုင်ရမည်။
- အသင်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်လိုစိတ် ရှိပြီး လူမှုပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သူ ဖြစ်ရမည်။
- ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ်တို့ကို အခြေခံနားလည်ကျွမ်းကျင်သူ ဖြစ်ရမည်။

## လျှောက်ထားရန်

အကြောင်းအရာတွင် "**Field Trainer ရာထူးအတွက် အလုပ်လျှောက်ထားခြင်း (၂၀၄၀)**" ဟု ရေးသား၍ အီးမေးလ်လိပ်စာ info@scvg.org သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ သို့မဟုတ် အောက်ဖော်ပြပါ လိပ်စာအတိုင်း လူကိုယ်တိုင် လာရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။ယခုဖော်ပြပါရာထူးအားစိတ်ဝင်စား၍လျှောက်ထားမည်ဆိုပါက အရင်လျှောက်သူ အရင်ဦးစားပေးစနစ်ဖြင့် စဉ်းစားသွားမည်ဖြစ်ပါသည်။

**စီမံကိန်းမန်နေဂျာ**

SCVG ရုံး၊

အမှတ် ၂၃၄၊ ၁၃ လမ်း၊ ရန်ကျော်ရပ်၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့။

- စုံစမ်းမေးမြန်းလိုပါက ရုံးဖွင့်ရက်များဖြစ်သော တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် (၀၉း၀၀) နာရီမှ ညနေ (၀၅း၀၀) နာရီအတွင်း ဖုန်း **၀၉ ၄၃၁ ၇၀၀ ၃၄** သို့ ဆက်သွယ်နိုင်ပါသည်။

**"အသက် (၃၅) နှစ်အောက်ရှိ နယ်ခံလူငယ်များကို လျှောက်ထားရန် အထူးအားပေးပါသည်။"**

**"ပဏာမ စီစစ်ရွေးချယ်ခံထားရသူများကိုသာ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှုအတွက် ဆက်သွယ်ပါမည်။"**